

# နှင်းဆီရောင်မုန်တိုင်း

ဝေမှူးသွင်

# အခန်း (၁)

နေရောင်အောက်တွင် အလင်းပြန်ချက်တွေ စူးရှလွန်းနေသည်။ ရောင်စုံစကတ်များ၊ ဂါဝန်များ၊ ဂျင်းအဝတ်အထည်များကို ဝတ်ဆင်လမ်းသလားနေသည့် ရန်ကုန်မြို့လယ်ခေါင် မွန်းတည့် ၁၂နာရီသည် အလင်းလွန်နေလေသည်။

ရဲထွဋ်စိတ်ကူးတွေက ကမ္ဘာဆိပ်ကမ်းမြို့ကြီးများနှင့် ရန်ကုန်လတ်ဆတ်မှုများအကြား ရက်ရှယ် လွန်းထိုးနေ၏။ လွန်ခဲ့သော ခြောက်လခန့်ကမှ ကုန်းပေါ်ပြန်ရောက်လာရသော သူ့အတွက် အပျင်းဖြေစရာနည်းသစ်တွေ ဘာရှိသေးလဲဆိုတာတွေးနေဆဲမှာ ရဲထွဋ်မျက်လုံးထဲသို့ အရိပ်နှစ်ခုတိုးဝင်လာသည်။

သူထိုင်နေသည့် ကော်ဖီဆိုင်လေးက အေးချမ်းတိတ်ဆိတ်သည်။ လူလည်း သိပ်မရှိသဖြင့် ရဲထွဋ်အတွက် ပိုအဆင်ပြေ၏။ သူက လူသိပ်စည်ကားလွန်းသည့်နေရာတွေကို အနည်းငယ်ညည်း ငွေ့ချင်နေပြီဖြစ်သည်။

အခုတော့ သုံးလေးဝိုင်းသာ လူရှိသည့် ဆိုင်လေးထဲတစ်ဝိုင်းထပ်တိုးလာတာပေ့ါလေ။ စပ်စုလို၍ မဟုတ်သော်လည်း ဝင်လာသူနှစ်ဦးကို ဘာရယ်မဟုတ် ရဲထွဋ်လိုက်ငေးမိသည်။

အရပ်သွယ်သွယ်မြင့်မြင့် အမျိုးသမီးလေးကို သူ့အဖော်ဆံတိုမလေးက ဘာတွေကပ်ပြောပြီး ဘာတွေသဘောကျနေသည်မသိ၊ ခပ်တိုးတိုး

ရယ်ရင်း လူလွတ်သည့် စားပွဲတစ်လုံးမှာ ဝင်ထိုင်ရန်ပြင် ကြသည်။ ဟို တစ်ယောက်ကတော့ ပြုံးရုံသာပြုံးပြီး လွယ်ထားသည့် သားရေအိတ် လေးကို စားပွဲပေါ် တင်သည်။ လေဒီလေးက သူ့ဘက်ကို ဖျက်ခနဲလှမ်း အကြည့်၊ ရုတ်တရက် ဆိုတော့ ရဲထွဋ်မြူးပြုံးပြုံး ကြီးငေးနေတာကို လူမိ သွားလေသည်။

မျက်နှာက အနည်းငယ် တင်းသယောင် ဖြစ်သွားပြီး တစ်ဖက်သို့ ပြန်လှည့်သွားသည့် အမျိုးသမီး၏ အမူအရာကြောင့် ရဲထွဋ်မြူရှက်တတ် တတ်တော့ ဖြစ်သွား၏။ သို့သော် ကောင်မလေးက တော်တော်ဆွဲ ဆောင်မှုရှိတာကို တစ်ခဏ အတွင်းမှာပင် သူသတိထားမိလိုက်သည်။

ဆက်ကြည့်နေလျှင် ရိုင်းရာကျတော့မည်မို့ ရဲထွဋ်မြူမျက်နှာကို ပြန်လွှဲ ထားလိုက်ရသည်။ စိတ်ထဲ

မှာတော့ မရိုးမရွ ဖြစ်နေဆဲ။ ထိုမျက်နှာလေးကို ဖြစ်နိုင်လျှင် နောက်ထပ်ဆက်ငေးနေချင်သေး၏။

သဘော်သားဘဝဖြင့် ကမ္ဘာပတ်လာသူပီပီ အလှပေါင်းစုံက သူ့ အတွက် သိပ်မဆန်းကြယ်လှတော့ပါ။ အဖြူမတွေ၊ အဝါမတွေမျိုးစုံ ကြုံတွေ့ရင်းနှီးခဲ့ရသော် လည်း သူ့ရင်ဘတ်ကြီးက အေးစက် မြဲအေး စက်နေခဲ့တာ သူပင် ဒီအသက်အရွယ်အထိ ရောက်ခဲ့ပြီ။

အခုမှ သူ့ရင်ခုန်သံတွေ ပူနွေးစပြလာတာလား။ နှလုံးသား၏ ရေခဲ ပြင် အရည်ပျော်ကျကာ ဘဝမီးလျှံ စတင် တောက်လောင်လာတာလား စဉ်းစားရင် ရဲထွဋ်မြူ သူ့ကိုယ်သူ ရယ်ချင်လာမိ၏။

အသက် ၄၀ ကျော် လူရွယ်တစ်ယောက်မှာ ဒီလိုနူးနူးညံ့ညံ့စိတ်ကူး တွေ၊ ရိုမန်တစ်အတွေးတွေ မပေါ်ပေါက်ရတော့ ဘူးလို့ ဘယ်သူပြောနိုင် မလဲဟုတွေးကာ သူ့စိတ်သူပြန် “မ” ရင်း ရဲထွဋ်မြူမသိ မသာ အကြည့်

သူခိုးလုပ်မိပြန်လေသည်။

သူမက ခုံပေါ်မှာ စွင့်စွင့်မြင့်မြင့် တင့်တင့်တယ်တယ်ထိုင်နေ၏။ သူမအဖော်ပြောသမျှကို ညင်သာသည့် အပြုံးလေးဖြင့် နားထောင်ရင်း တစ်ခါတစ်ခါ ခေါင်းလေးညိတ်၍ တစ်ခွန်းတလေ ပြန်ပြောသည်မှအပ သူမအမူအရာက တည်ငြိမ်အေးဆေးလွန်းနေသည်။

ကြည့်ရတာ နှစ်ယောက်စလုံးရဲ့ အသက်က ၃၀ ပတ်လည်အရွယ်တွေ ဖြစ်ရမည်ဟု ရဲထွဋ် ခန့်မှန်းမိ၏။ သိပ်လည်း ကြာကြာမကြည့်ရဲသဖြင့် အကြည့်ကို ခဏ ပြန်ပြန်လွှဲထားရတာ သူစိတ်မ ရှည်ချင်တော့ပေ။

စိတ်ထဲမှာလည်း အတွေးမျိုးစုံက ပလုံစီဆူဝေနေ၏။ ဒီအသက်အရွယ်ဆိုတော့ အိမ်ထောင်နဲ့လား။ ဟင့်အင်း... သူမကို ကြည့်ရတာ အပြစ်ကင်းစင်တဲ့ အပျိုစင်တစ်ဦးရဲ့ အရောင်အဝါတွေ ဝင်းလက်နေဆဲပဲ။

သူမတို့ စားသောက်ပြီးသွားရင် ထပြန်ကြတော့မှာ။ အဲဒါဆို ငါဘာဆက်လုပ်ရမှာလဲ။ ဘယ်မှာပြန်ရှာတွေ့ပါ့မလဲ။ ငါ့ရဲ့ ပထမဆုံးနဲ့ အကျယ်လောင်ဆုံး ရင်ခုန်သံလေးရယ်။

သူ့အတွေးနဲ့သူ ရဲထွဋ်တစ်ယောက် ခေါင်းကုတ်ရမလို ထိုင်ငိုရမလို ပြာလောင်ခပ်နေရင်း ဘောင်းဘီအိတ်ထဲက ဟန်းဖုန်းဆီ လက်ကရောက်သွား၏။ ထိုစဉ်မှာပင် ရဲထွဋ်ခေါင်းထဲ လင်းပွင့် ပေါ့ပါးသွားတော့သည်။

ဟုတ်ပ ။ငါ့နှယ် ဘာကြောင့်များ စောစောစီးစီးမတွေးမိတာပါလိမ့်ကွယ်။ ဟန်းဖုန်းကို Silent လုပ်ကာ ဘောင်းဘီအိတ်ထဲ မသိမသာ ပြန်သွင်းထားပြီး သူ့အကြံကို အကောင်အထည်အမြန်ဖော်ဖို့ ရဲထွဋ်ဆက်အကွက်ချ၏။

သူမတို့ စားပွဲပေါ်မှာတင်ထားသည့် ဟန်းဖုန်းကိုကြည့်ရင်း ထိုဖုန်းသည် သူမ၏ ဖုန်းဖြစ်ပါစေ ဟု ဆုတောင်းနေရသည်။ သို့သော် ရဲထွဋ်အတွက် ကံထနေသည်ဆိုရမည်။ ရုတ်တရက်ထမြည်လာသည့် ဖုန်းကိုကောက်ကိုင်ပြီး စကားပြောနေသည့် သူမကို မြင်လိုက်ရသဖြင့် အတော်ဝမ်းသာသွားရ ၏။ သေချာအောင် အနည်းငယ်စောင့်ကြည့်ဖို့ သူဆုံးဖြတ်လိုက်သည်။ ဒီကြားထဲ ထပြန်သွားတော့ လည်း နောက်တစ်မျိုးကြံရတာပေါ့ ဟုတွေးကာ သူဆက်အကဲခတ်နေလိုက်သည်။

ကံကြမ္မာက သူ့ခေါင်းတည့်တည့်ပေါ်မှာ လာရောက် တောက်ပနေတော့သည်။ လာပြန်ပြီ နောက်တစ် call…။ သူမပင် ဖုန်းကိုကိုင်ကာ စကားတွေ ပြောနေတာကို ကြည့်ရင်း ရဲထွဋ်နှလုံးသားက ၁၆နှစ်သားလေး ပြန်ဖြစ်လို့နေသည်။

တွေးထားသည့်အတိုင်း အမှားအယွင်းမရှိ လုပ်ဆောင်နိုင်ဖို့ သတိထားကာ ရဲထွဋ်က သွက်လက်စွာဖြင့် သူ့နေရာမှထ၍ တစ်ဝိုင်းကျော်လောက်မှ ရှိနေကြသည့် သူမတို့ဆီလှမ်းသွားလိုက်သည်။ ရုတ်တရက် အနားကပ်လာသော သူ့ကို မိန်းကလေး နှစ်ယောက်စလုံးက ဇဝေဇဝါဖြင့် မော့ကြည့်နေ၏။ ရဲထွဋ်က သူ့ရုပ်ကို မှင်သေအောင် အစွမ်းကုန်ကြိုးစားရင်း…။

"တစ်ဆိတ်ဗျာ၊ ဖုန်းလေးခဏလောက် သုံးပါရစေနော်။ အရမ်းအရေးကြီးလို့ပါ။ ကျွန်တော့် ဖုန်းကလည်း ဘတ္တရီဒေါင်းသွားလို့လေ၊ အဲဒါ… ခဏလောက် ပေးသုံးပါနော်၊ ဖြစ်တယ် မဟုတ်လား"

သူ့အသံနှင့် အမူအရာကြောင့် ရင်ခုန်သံမလေးလည်း ကယောင်ကတမ်းနှင့် အူကြောင် ကြောင် ဖြစ်သွားဟန်တူပါသည်။ လက်ထဲတွင် ကိုင်ထားဆဲဖုန်းလေးကို အယောင်ယောင်အမှားမှား ကမ်း

ပေးလာ၏။

ရလာသည့် အခွင့်အရေးကို လက်လွှတ်မခံနိုင်သဖြင့် သူမလက်ထဲမှ ဖုန်းကို အငမ်းမရဆွဲယူကာ သူ့ဖုန်းနံပါတ်ကို သူပြန်ခေါ် ပစ်လိုက်တော့သည်။ ခဏာမျှရပ်ကာ နားထောင်ချင်ယောင် ဆောင်ပြီး…

"ဟာ … ဒုက္ခပါပဲ၊ ဖုန်းကလည်း လာမကိုင်ဘူးကွာ"

ရဲထွဋ်ရှုပ်တည်ကြီးဖြင့် ဆက်ဖိန့်၏။ ဘယ်ကိုင်မလဲ။ သူဆက်နေတာက သူ့ဘောင်းဘီအိတ်

ထဲက ဖုန်းကိုပဲဥစ္စာ။ ဒီကို ထမလာခင်ကတည်းက Silent လုပ်ထားတော့ အသံလည်း မမြည်တော့ ပေ။

"ကျေးဇူးပဲနော်၊ အရမ်းလှတာပဲ ဟဲဟဲ၊ ဒီဟန်းဆက်လေးကလေ"

ဖုန်းပြန်ပေးရင်းပြောသည့် ရဲထွဋ်စကားကြောင့် သူမက မျက်မှောင်လေးကို လှပစွာ တွန့်ကွေး စေလျက် ဘုကြည့်ကြည့်၏။ သူ့ လက်ထဲက ဖုန်းကိုလည်း ခပ်ဆတ်ဆတ် ပြန်ဆွဲယူသွားသည်။

ရဲထွဋ်ပြန်လှည့်ထွက်လာတော့ "ဘာမှန်းလဲမသိဘူး၊ အူကြောင်ကြောင်နဲ့" ဆိုသည့် အသံသဲသဲကို ကြားလိုက်ရသေး၏။ ကိစ္စမရှိ။ သူလိုချင်တာရသွားသဖြင့် ရဲထွဋ်မျက်နှာတွင် အပြုံးတွေ ဝေနေသည်။

စားပွဲထိုးခေါ် ငွေရှင်းပေးပြီး ဆိုင်အပြင်ရောက်တော့မှ ဖုန်းကိုထုတ်ကာ missed call ကို အလျင်အမြန်ကြည့်ရ၏။ အိုကေ… ရပြီကွ။ "missed call 095…….”

ကားဆီလျှောက်လာရင်း သူမမျက်နှာလေးကို ပြန်လည်စိတ်ကူးမြင်ယောင်နေမိသည်။ တည်ငြိမ်အေးချမ်းလွန်းတဲ့ လူမလေးတစ်ဦးပါပဲ။

ကျက်သရေဟူသော စကားလုံး၏ အနက်အဓိပ္ပာယ် ကို ဖော်ဆောင်ညွှန်ပြမည်ဆိုလျှင် သူမကိုသာလက်ညှိုးထိုးပြလိုက်ရုံပဲဟု တွေးမိ၏။

ရဲထွဋ်က သူ့စိတ်ကိုလည်း သူအလန့်တကြား ဖြစ်နေမိသေးသည်။ တဒင်္ဂလေးတွေကပဲ ဘဝကို ပြောင်းလဲပစ်လိုက်တာကို သူအခုတော့ လက်တွေ့ကြုံလိုက်ရလေပြီ။

ထိုတစ်ခဏလေး ။ သူမကို စတင်မြင်တွေ့ရချိန် တဒင်္ဂလေး။ သူ့စိတ်တွေ အုံကြွလှိုင်းထန်လာ စေသည့် လမင်း၏ မျက်နှာတော်ကို မြင်တွေ့လိုက်ရသည့် တစ်ခဏလေး။

ဟုတ်ပြီ။ သူမ၏ ဖုန်းနံပါတ်ကို Moon ဆိုသည့် နာမည်လေးဖြင့် တွဲမှတ်ထားဖို့ အကြံရကာ ရဲထွဋ် ကျေနပ်နေမိပြန်သည်။

မနက်ဖြန်တွင် ဘာတွေဆက်ဖြစ်ပျက်မည်ဆိုတာ ဘယ်သူသိမလဲ။ ရဲထွဋ်ကတော့ သူ့လမင်း နှင့် စကားစမြည်ပြောရမည့်အရေးတွေး၍ မနက်ဖြန်ကို မေ့လျော့ထားမိလေသည်။ မနက်ဖြန်ကို သာမက၊ ဖြစ်နိုင်ပါက လောကကြီးသုံးပါးကိုပါ မေ့ထားကာ လမင်း၏ အရောင်အဝါအောက်မှာ တစ်ယောက်တည်း သိမ်မွေ့နေချင်မိတော့၏။ ရဲထွဋ်မျက်နှာပေါ်မှာ စိတ်ကူးရိဝေဝေတွေ တငွေ့ငွေ့ ဝေ့ဝဲနေလေသည်။

ဆိုင်ထဲတွင် ကျန်နေခဲ့သော သူမတို့နှစ်ဦး၏ အပြောကို ကြားသိလိုက်ရလျှင်တော့ ရဲထွဋ် အနေဖြင့် အီလည်လည်ဖြစ်ကောင်းဖြစ်သွားနိုင်ပါသည်။

ဆံတိုမလေးက ရဲထွဋ်ထွက်သွားတာကို မျက်စောင်းခဲ၍ လိုက်ကြည့်ရင်း...

"နင်ကလည်း ဘာကိစ္စ ဖုန်းကိုသွားပေးလိုက်ရတာလဲ စန္ဒာရယ်၊

တောင်းတိုင်း ပေးချင်နေတယ် ဟုတ်လား”

စန္ဒာဟု အခေါ်ခံရသူ အပျိုမကြီးတကြီးမလေးမှာ မျက်နှာရဲခနဲ ဖြစ်သွားပြီး…

“ဟယ်… အစုတ်ပလုတ်မ၊ ငါလည်း အမှတ်တမဲ့ ယောင်ပြီး ဖုန်းကို ပေးလိုက်မိတာဟဲ့”

ပြောပြောဆိုဆို သူမလေးက သူခေါ်သွားသော ဖုန်းကိုငုံ့ကြည့်ရင်း စောစောက ရဲထွဋ်ဆက် သွားသည့် နံပါတ်ကို ငေးကြည့်နေမိဆဲ၊ ရဲထွဋ်အပေါ် အခဲမကျေသေးသည့် စိတ်နှင့် မကျေမနပ်တွေးကာ ဘာရယ် မဟုတ် ထိုနံပါတ်အပေါ်မှာ နာမည်တစ်ခုဖြင့် မှတ်သားမိလိုက်လေ တော့၏။ “Ga Jaung” ဂျောင်… တဲ့။

*

# အခန်း (၂)

"ပျက်ပါပြီကွာ"

ဆရာဝန်ကြီးဦးခင်မောင်မြင့်တစ်ယောက် စိတ်မသက်မသာဖြင့် စန္ဒရားအနီးမှ ခွာကာ ဧည့်ခန်းထဲရှိသူ့မြေးဖြစ်သူ သော်သော်ကို လှမ်းငေးကြည့်နေမိသည်။

စောစောကတော့ စိတ်ထဲ ကြည်ကြည်လင်လင်ရှိနေသည်မို့ သူ့ဝါသနာအတိုင်း "ဝီ" နှစ်ပတ် လောက်မော့၍ စန္ဒရား တီးရင်း အပန်းဖြေဖို့ စဉ်းစားမိခဲ့ပါသေးသည်။

အခုတော့ ဧည့်ခန်းထဲမှာ သူ့မြေးက သူ့အလုပ်နှင့်သူရှုပ်ကာ ဆူညံနေလေပြီ။ သော်သော်က လက်ရှိဂီတလောကထဲမှာ နာမည်ကြီးစပြုလာသည့် အနုပညာရှင်တစ်ယောက်မို့ သူ့အနေဖြင့် ဂုဏ်တော့ယူမိပါသည်။ သို့သော် သူတို့သီချင်းတွေက အမှန်အတိုင်းပြောရလျှင် ဦးခင်မောင်မြင့်အ တွက် ခံတွင်းမတွေ့လှပေ။

Rap...တဲ့။Hip Hop...တဲ့ ။သူ့မြေးက တစ်ခါတစ်ရံ အဘိုးကိုကြွားသည့်အနေဖြင့် သူ့ကိုယ်ပိုင်သံစဉ် Rap သီချင်းတွေ လာလာဖွင့်ပြတတ်သောကြောင့် နှစ်ပုဒ်သုံးပုဒ်ခန့်ကို သေချာ နားထောင်ကြည့်ခဲ့ဖူးသည်။ သီချင်းကလည်း စကားပြောနေသလိုပဲနော်ဟု သူမှတ်ချက်ပေးတော့ သော်သော်က သဘောကျစွာရယ်သည်။

ယခုလည်း သူညွှေ့ခန်းထဲ ဝင်လာသည်ကိုတောင် မသိနိုင်လောက်အောင် စျာန်ဝင်နေပုံရသည်။ ဖွင့်ထားသည့် သီချင်းကို နားထောင်ကာ ခန္ဓာကိုယ်ကလည်း ဒရမ်စည်းချက်အတိုင်း လှုပ်ရမ်းနေ၏။ ကြည့်ရတာ သူကြိုက်သည့် နိုင်ငံခြားမှ Hip Hop အဆိုတော်တစ်ယောက်၏ အယ်လ်ဘမ်အသစ် ဖြစ်ပုံရသည်။ Beat အသံ တဒုန်းဒုန်းကြားထဲမှာ အဆိုတော်က မအောနိုင် မပမ်းနိုင်ရွှက်ဆိုနေ၏။ ဒီကြားထဲ ကျလိကျလိကျွိကျွိဆိုသည့် အသံတွေလည်းပါလိုက်သေးသည်။

ထိုစဉ် ကားရပ်သံနှင့်အတူ အိမ်ထဲဝင်လာသည့် ညွှေ့သည်တွေကြောင့် သော်သော်လှည့်ကြည့်ပြီး သီချင်းကို အနည်းငယ်တိုးသည်။ ဦးခင်မောင်မြင့်လည်း တံခါးဝနားဆီ လှမ်းကြည့်မိ၏။

“ဟာ… ဟုတ်ကဲ့၊ ဘဘရှိတယ်ခင်ဗျာ၊ ခဏနော်၊ ထိုင်ကြပါဦး”

သော်သော်က ညွှေ့သည်တွေကို ဆီးကြိုညွှေ့ခံရင်း သူ့ကို ခေါ်ဖို့ နောက်ပြန်အလှည့်မှာ ဦးခင်မောင်မြင့်က သူရပ်နေသည့် စန္ဒရားနားမှ လျှောက်လာတာ မြင်လိုက်ရတော့…

“ဟာ… ဘဘကို အခန်းထဲမှာ အောက်မေ့လို့ ၊ သားက လာခေါ်မလို့၊ ဒီမှာ …”

ဦးခင်မောင်မြင့်က သူ့မြေးကို ပြုံးပြုံးကြီးကြည့်ရင်း-

“အေးပါ မြေးရယ် ၊ ဘဘကဖြင့် ရောက်နေတာကြာလှပြီ၊ မင်းသီချင်းကို လိုက်နားထောင်ကြည့် နေတာပါကွ၊ တိုးနိုင်တို့ ထိုင်ကြလေကွာ၊ ကျော်မိုး … မင်းရော ဘယ်လိုလဲ၊ ဟိုတလောက ဗိုက်အောင့်အောင့်နေတယ်ဆိုတဲ့ကိစ္စ”

ဦးခင်မောင်မြင့်က သူ့မြေးကို စကားပြောနေရာမှ ညွှေ့သည်များကို

ပါ လှမ်းနှုတ်ဆက်လိုက်၏။ သူကိုယ်တိုင်လည်း ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။ သော်သော်ကတော့ အလိုက်တသိပင် သီချင်းကို ပိတ်ပြီး အပေါ်ထပ်ကို တက်သွားတော့သည်။ သူ့အခန်းထဲကျမှ ဆက်နားထောင်တော့ မည်ထင်၏။

အဘိုးကြီး သုံးယောက်ဆုံမိတော့ ထုံးစံအတိုင်း အလ္လာပ သလ္လာပ တွေ ပြောကြ၊ ရှေးဟောင်း နှောင်းဖြစ်တွေ၊ သူငယ်ချင်းဟောင်းတွေ အကြောင်း စားမြုံ့ပြန်ကြလေသည်။

ကုမ္ပဏီတစ်ခု၏ အကြီးအမှူးဖြစ်သူ ဦးကျော်မိုးနှင့် နာမည်ကြီး ရှေ့နေတစ်ဦးဖြစ်သည့် ဦးတိုးနိုင်တို့သည် ငါးဆယ်ကျော်နေပြီဆိုပေမယ့် ဦးခင်မောင်မြင့်ထက်တော့ ငယ်ကြသေးသည်။ ထို့ကြောင့် ဦးခင်မောင်မြင့်ကိုတော့ မင်းနဲ့ငါအသုံးအနှုန်းမသုံးကြ။

"အစ်ကိုကြီးကို ညက ကြိုပြီး ဖုန်းဆက်ပြောထားမလို့ဟာ မပြောဖြစ်လိုက်ဘူး"

ဦးကျော်မိုးက စကားအဆုံးမှာ ဦးတိုးနိုင်ကို တစ်ချက်လှမ်းကြည့်သည်။ ဦးတိုးနိုင်ကလည်း ဦးကျော်မိုး စကားအခင်းအကျင်းကို ဆက်ပြော၏။

"ဟုတ်တယ် အစ်ကိုကြီး၊ ဒီနေ့ ကျွန်တော်တို့ gathering လေး လုပ်မလို့၊ ကျော်မိုးနဲ့ အောင်ဝင်းကိုလည်း ချိတ်ထားပြီးသား၊ အစ်ကိုကြီး ကိုတော့ ကျွန်တော်တို့လာပြောရင်းနဲ့ တစ်ခါတည်း ဝင်ခေါ်မယ်လို့ ပြောထားတယ်၊ ကျွန်တော်တို့အရှပ်ရဲ့ Ever Green ဆိုင်မှာပဲ ဆုံလိုက်ကြမယ်၊ အဲဒါ.."

ဦးတိုးနိုင်က စကားကို ခေတ္တရပ်ပြီး ဦးခင်မောင်မြင့် ကို လှမ်းကြည့်သည်။ ဦးခင်မောင်မြင့် ပြုံးပြုံးကြီးလုပ်နေ၏ ပြီးမှ…

"ကဲပါကွာ၊ ဟုတ်ပါပြီ၊ ဒါဖြင့် ငါလိုက်ခဲ့ရမယ်ပေါ့ ဟုတ်လား၊ အေး .. တစ်ခုတော့ ရှိတယ်နော်၊ အပြင်းစားကြီးတွေတော့ မလုပ်ကြနဲ့"

ဦးခင်မောင်မြင့်စကားအဆုံး၌ နှစ်ယောက်စလုံးပျာပျာသလဲပင်...

"ဟာ .. စိတ်ချအစ်ကိုကြီး စိတ်ချ၊ ကျွန်တော်တို့ကလည်း ဟိုလေ.. ဘယ်လိုခေါ်မလည်း၊ လူချင်းဆုံကြဖို့သာ အဓိပါ။ ဟဲဟဲ .. မဆုံဖြစ်တာလဲ ကြာပြီမဟုတ်လား အစ်ကိုကြီး ရ"

"အဲဒါကြောင့် ငါစိုးရိမ်တာပေါ့ကွာ၊ အရမ်းအပျော်လွန်သွားမှာတော့ မဖြစ်စေချင်ဘူး၊ တော်ကြာ ငါတို့ကို ဘေးဝိုင်းတွေက တော်တော်သောင်းကျန်းတဲ့ အသိုးကြီးတွေလို့ အထင်ခံရမှာမျိုးတော့ မလို ချင်ဘူးနော် ဟေ့ကောင်တွေ"

ဒဿနသမားတစ်ဦးဖြစ်သူ တက္ကသိုလ်ပါမောက္ခ ဦးအောင်ဝင်းက သူ့စကားကို အဆုံးသတ်ပြီး မှ ဘီယာခွက်ကို မော့ချလိုက်လေသည်။ ကျန်သည့်လူများက ဘာမှဝင်မပြောသော်လည်း ရှေ့နေကြီး ဦးတိုးနိုင်ကတော့ ဦးအောင်ဝင်းကို မျက်စောင်းတစ်ချက်ထိုးကြည့်၏။ ထို့နောက်...

"တော်ပါတော့ အောင်ဝင်းရာ၊ မင်းမလည်း တစ်ခါလာလည်း ဒီလိုစကားတွေ တစ်ခါလာလည်း ဒီလိုစကားတွေ၊ ခွီးမှပဲ၊ ဒီမှာ ကိုယ့်လူတွေ တစ်ခါတလေဆုံတုန်း ပေါ့ပေါ့ပါးပါး စကားတွေ ပြောပါဟ"

ဦးခင်မောင်မြင့်ကတော့ တဟဲဟဲရယ်ပြီး အသာကြည့်ရှုကြည့်နေသည်။ ဘာမှဝင်မပြော သေးပေ။ ဦးကျော်မိုး ကလည်း ဒဿနဆရာနှင့် ရှေ့နေကြီးတို့၏ ငြင်းခုံမှုကို ကြည့်ကောင်းကောင်း ဖြင့် ကြည့်နေပုံရ၏။ ဦးအောင်ဝင်းက စိတ်ပျက်လက်ပျက်ဟန်ပန်ဖြင့် သူငယ်ချင်း

ရှေ့နေကို ကြည့်ကာ ခေါင်းယမ်းသည်။

"အဲဒါခက်တာပဲ၊ ငါပြောတာ ဘာတွေများ ခက်ခဲနက်နဲလို့လဲ ခုံတော်မောင်ကျဘမ်းရာ၊ ရှင်းရှင်းလေးပါ။ လူ့ဘဝမှာ ဘာကိုမှ ဟောကိန်းကြိုထုတ်လို့ မရတာတွေ အများကြီးရှိတယ်လို့ ပြောတာလေကွာ၊ ငါဆိုလိုတာကို မင်းသဘော မပေါက်ဘူးလား"

ဒဿနဆရာကြီးက ပြောရင်းနှင့် အခြားလူတွေကို တစ်ချက်အကဲခတ်လိုက်သေးသည်။ ပြီးမှ သူ့စကားကို ပြန်စ၏။

"အခုဆိုကွာ၊ ငါတို့သူငယ်ချင်းတွေ ပြန်စုတယ်၊ ငါတို့ တွေဟာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်ကတည်းက ခင်ခဲ့တွဲခဲ့ကြတာ မဟုတ်လား၊ ငါတို့ငါးယောက်မှာ အခုလေးယောက် ကျန်သေးတယ်၊ ရဲဇော်က သေပြီကွာ၊ အခု ဒီနေ့မှာ ဒီလေးယောက် တစ်ခါပြန်ဆုံမယ်ဆိုပြီး အချိန်းအချက်ရှိလို့ လား၊ ဒီတော့ တွေ့တဲ့ အခိုက်အတန့်လေးဟာ အကောင်းဆုံးပဲလို့ ငါက ပြောချင်တာပါကွာ၊ ဒါပါပဲ"

ရှေ့နေကြီးက ခေါင်းတရမ်းရမ်းဖြင့် မျက်နှာကို ရှုံ့ပြသည်။ ဦးခင်မောင်မြင့်ကတော့ ခေါင်းညိတ်ရင်း...

"အေးကွ၊ အောင်ဝင်းပြောတာ မှန်တယ်၊ ငါလက်ခံပါတယ်၊ ဒါနဲ့ မင်းပြောမှပဲ ရဲဇော်ကြီး ကို သတိရလိုက်တာကွာ"

ဦးခင်မောင်မြင့်က စကားအဆုံးမှာ သက်ပြင်းချ၏။ ကျန်သုံးယောက်လည်း အတန်ငယ်မှုန် တွေသွားကြသည်။ဦးကျော်မိုးက ဘီယာခွက်ကို ကိုင်ရင်း ...

"ရဲဇော်က အဆိုကောင်းနော်၊ ကျောင်းတုန်းကဆို စတားပဲ"

"အေးလေ ၊ ငါက ဒီကောင်ကို အဆိုတော်လုပ်ဖြစ်မယ်တောင် ထင်ခဲ့

တာ”

“သူက ဝါသနာပါတာ သက်သက်ပဲကွ၊ အဲလို ဂီတကို တစိုက်မတ်မတ် လုပ်ဖို့ ကျတော့လည်း သိပ်မလုပ်ချင်ပြန်ဘူး”

ဒသသနိက ပါမောက္ခဦးအောင်ဝင်းက ရှေ့နေကြီး စကားကို ဝင်ရောက်ဆွေးနွေး၏။ သူ့မျက်လုံးတွေက သီဆိုတီးခတ်နေသည့် စတိတ်စင်ပေါ်ကို တစ်ချက်ရောက်သွားသည်။ စင်ပေါ် မှာ မိန်းကလေးတစ်ယောက်က သီချင်းကို ခုန်ဆွခုန်ဆွကရင်း သီဆိုနေလေသည်။ သီချင်းက သူတို့ ခေတ်က သီချင်းဟောင်းတစ်ပုဒ်။ Santana ၏ နာမည်ကြီးသီချင်းတစ်ပုဒ် ဖြစ်သော Black Magic Womanဆိုတော့ သူတို့အားလုံး ရင်ခုန်လို့ကောင်းသွားပြီ ဖြစ်သည်။

ကျန်တဲ့သူတွေလည်း ဒီသီချင်းသံကြားတော့ ပြောလက်စကိစ္စကို မေ့ပျောက်ကြပုံရ၏။ အားလုံး စင်မြင့်ဘက်ဆီသို့ ငေးကြသည်။ လက်ကလေးဖြင့် စည်းချက်လိုက်သူလိုက်။ စာသားလေးတွေကို မှတ်မိသမျှ လိုက်ညည်းသူညည်းဖြင့် အနည်းငယ် အူရွှင်လာကြပုံပင်။

တကယ်တော့ သူတို့အားလုံးသည် ကျောင်းသားဘဝမှာတုန်းက အပျော်တမ်းတီးဝိုင်းထောင်ခဲ့ကြဖူးသည်ပဲ။

ထိုစဉ်က လူငယ်ဆန်သော ရွှေရောင်နေ့ရက်တွေကို အသီးသီး ပြန်လည်မြင်ယောင်ကာ ဂီတသွေးလက်ကျန်လေးများက အားလုံးစိတ်ထဲ ပူနွေးလတ်ဆတ်လာကြ၏။

ဦးအောင်ဝင်းက ဦးခင်မောင်မြင့် ကို မဝံ့မရဲ ပြုံးဖြဲဖြဲဟန်ဖြင့် ကြည့်ကာ စကားစလာသည်။

“အစ်ကိုကြီး တစ်ပုဒ်၏လောက် တက်ဟဲလိုက်ကြရအောင်ဗျာ၊

အရှုပ်ကို ခေါ်ပြောလိုက်ရင်ရတယ်”

“ဟာကွာ၊ မင်းကလည်း ငါတို့အသက်အရွယ်ကြီးတွေနဲ့”

ငြင်းသာငြင်းနေရသော်လည်း ဆရာဝန်ကြီးမျက်နှာပေါ်မှာ ရင်ခုန်သံအရောင်တွေကို ရှေ့နေဦးတိုးနိုင်က အတိအကျ ဖမ်းနိုင်သူဖြစ်ရာ...

“ဟုတ်တယ် အစ်ကိုကြီး ၊ ချလိုက်ရအောင်ဗျာ၊ နော်ဟေ့ကောင်ကျော်မိုး ဘယ်လိုလဲ”

ဦးကျော်မိုးလည်း အရှိန်တက်စပြုနေပြီဖြစ်သဖြင့် ခေါင်းသာတွင်တွင်ညိတ်တော့၏။ ထိုစဉ် ဦးခင်မောင်မြင့် နှုတ်မှ မေးခွန်းသံတစ်ခုလွှတ်ခနဲ ထွက်လာတော့ အားလုံးငြိမ်ကျသွားပြန်သည်။

“တီးတာတော့ ဟုတ်ပါပြီ၊ ဘယ်သူဆိုမှာလဲ... ကဲ”

သူတို့အားလုံးက အတီးအမှုတ်သာ ဝါသနာပါတာ၊ အဆိုပိုင်းကျတော့ ဘယ်သူမှ စိတ်မပါကြ ပေ။ သီချင်းအဆိုကောင်းသည့် သွားလေသူ သူငယ်ချင်းရဲဇော်ကို အောက်မေ့သတိရစိတ်က အားလုံးရင်ထဲပြန်လည်တွယ်ငြိလာပြန်သည်။ စိတ်မကောင်းသည့် အမူအရာများဖြင့် ခဏအသံတိတ်ဆိတ် သွားစဉ်မှာပဲ ဦးတိုးနိုင်က ဝမ်းသာအားရထအော်လိုက်လေသည်။ ဒီတော့မှ ကျန်သူများလည်း လှုပ်လှုပ်ရွရွ ပြန်ဖြစ်လာကာ တညီတညွတ်ထဲ ထောက်ခံကြတော့၏။

“ရဲဇော်ညီ ရဲထွဋ်ရှိတယ်လေ၊ ဒီကောင်အခု ရန်ကုန်ပြန်ရောက်နေပြီပဲဥစ္စာ”

*